**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

စက်တင်ဘာ ၈ ရက် ၂၀၁၇ ခုနှစ်။

**လတ်တလောဖြစ်ပွားခဲ့သော ဖားကန့်မြို့ရှိ အသေရေဖျက်မှုစွဲချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်သည် လူထုအစိုးရထိန်းချုပ်မှု အောက်သို့ ထားရှိရန် အရေးကြီးလိုအပ်ကြောင်း မီးမောင်းထိုးပြလိုက်သည်။**

ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ မိမိတို့သည် မြန်မာနိုင်ရှိ ကချင်ဒေသများမှ အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခွင့်အရေး ကာကွယ်မြှင့်တင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျှက်ရှိသည်။ သို့ရာတွင် မြန်မာအစိုးရစစ်တပ်၏ ထိုးစစ်ဆင်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဆိုးဝါးလာခြင်းကြောင့် မိမိတို့ လုပ်မှုပတ်ဝန်းကျင်ရှိ လူထု၏ အခွင့်အရေးများမှာလည်း စနစ်တကျပင် ချိုးဖောက်ခံနေကြရသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။

ဖားကန့်မြို့တွင် လတ်တလောဖြစ်ပွားခဲ့သော အသေရေဖျက်မှုစွဲချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ် သည် လူထုအစိုးရထိန်းချုပ်မှု အောက်သို့ ထားရှိရန် အရေးကြီးလိုအပ်ကြောင်း မီးမောင်းထိုးပြလိုက်သည်။

၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဖားကန့်မြို့နယ် တရားသူကြီး ဦးစိုးလင်းအောင်မှ ဒေသလူထု ခေါင်းဆောင်တဦးဖြစ်သူ ဒရှီနော်လွန် အား မြန်မာစစ်တပ်အား အသရေဖျက်မှုအတွက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၀ အရ အမှုများရင်ဆိုင်ရင် အမိန့်ဆင့်ခေါ်ခဲ့သည်။

ထိုအမှုများသည် ဇွန်လ ၉ ရက် ၂၀၁၇ ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံ ကချင်ဒေသရှိ ပဋိပက္ခများ ပြန်လည်အသက်သွင်းခြင်းနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား ချိုးဖောက်ခဲ့သည့် ၆ နှစ်ပြည့်နှစ်ပတ်လည်အား ပြန်လည်အမှတ်ရစေရေးအတွက် အသရေဖျက်သော လက်ကမ်းစာစောင်များ ဖြန့်ဝေသည်ဟု စွပ်စွဲကာ ဒရှီနော်လွန် အား ဖားကန့်အခြေစိုက် အမှတ် ၁၀၁ ခြေမြန်တပ်ရင်း တပ်ကြပ်ကြီး ကြည်မြင့်ထွန်းမှ အမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။ ထိုလက်ကမ်းစာစောင်များထဲတွင် မြန်မာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ညှဉ်းပန်းနှိပ်စက်မှုများ၊ ဒေသခံလူထုများ ပျောက်ဆုံးခြင်းနှင့် သတ်ဖြတ်ခြင်း၊ ကျေးရွာများ ဖျက်ဆီးခြင်းနှင့် လုယက်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအားလုံး ထည့်သွင်းဖော်ပြထားသည်။

အသက် ၅၆ နှစ်အရွယ် ဒရှီနော်လွန် သည် ဖားကန့်မြို့ ကျေးရွာဒေသခံများ၏ အခွင့်အရေးအတွက် ကာကွယ်မြှင့်တင်ပေးမှုများ လုပ်ဆောင်နေသည့် ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းတခုဖြစ်သော (Myusha Zinlum) အဖွဲ့၏ အထွေထွေအတွင်းရေးမှူးတဦးဖြစ်သည်။ ထိုလက်ကမ်းစာစောင်များသည် မြစ်ကြီးနားရှိ လူထုအခြေပြု အဖွဲ့အစည်းပေါင်းများစွာမှ ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ဖားကန့်မြို့သို့ ပို့ခဲ့ကြခြင်းဖြစ်သည်။

ထိုအမှုသည် တရားရုံးတွင် ရုံးတင်စစ်ဆေးနေဆဲဖြစ်ပြီး ဒရိုနော်လွန် အနေဖြင့် ဒဏ်ငွေနှင့် ထောင်ဒဏ် ၂ နှစ်ထိ ကျခံရနိုင်ဖွယ် အလားအလာရှိနေသည်။ သို့သော် မြစ်ကြီးနားရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာမူ လက်ကမ်းစာစောင်မှုနှင့် စပ်လျဉ်းကာ အမှုရင်ဆိုင်ရခြင်း မရှိသေးပေ။

"မြန်မာစစ်တပ်က ဖားကန့်မြို့မှာ လူထုဆန့်ကျင်ပြီး အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းစုံ ကျူးလွန်ထားတယ်။ ဒီလိုပဋိပက္ခဇုံမှာ ရှိနေတဲ့ လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူတွေကို အသံတိတ်အောင် မြန်မာစစ်တပ်က လုပ်ချင်နေတာ ရှင်းရှင်းလေးပဲ" ဟု ပြောရေးဆိုခွင့်ရှိသူ မွန်းနေလီ မှ ပြောသည်။

KWAT မှ ဖားကန့်မြို့တွင် ပြုလုပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများထဲတွင် ၂၀၁၂ ခုနှစ် စတင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ် (LIB 389) မှ ပစ်သတ်ခဲ့သော အသက်မ ၁၄ နှစ်အရွယ် ကျောင်းသူ ဂျာဆိုင်းအင်း (Ja Seng Inn) အမှုလည်း အပါအဝင်ဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်ပြီး သူမ၏ ဖခင်ဖြစ်သူမှ မြန်မာစစ်တပ်မှ ပစ်သတ်လိုက်ကြောင်း ပြောဆိုထားသည့် တိုင်တန်းစာတစောင်ရေးသားကာ မြန်မာလူ့အခွင့်အရေးကော်မရှင်ထံသို့ ပေးပို့ခဲ့သော်လည်း နောက်ဆုံးတွင် စစ်တပ်အား မဟုတ်မမှန် စွပ်စွဲမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ ထောင်ဒဏ် ၂ နှစ် ကျခံခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။

"ဥပဒေက ကျူးလွန်သူတွေကို အပြစ်ပေးရမယ့်အစား ကျူးလွန်ခံရသူတွေနဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်နေသူတွေကို အပြစ်ပေးဖို့အတွက် စစ်တပ်ရဲ့ အသုံးချမှုကို ခံနေရတယ်" ဟု မွန်းနေလီ မှပြောသည်။

ဤကဲ့သို့ တရားမျှတမှုများ ဆိတ်သုဉ်းခြင်းနှင့် မြန်မာအစိုးရစစ်တပ်မှ ၎င်းတို့ စနစ်တကျ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းအပေါ် KWAT အနေဖြင့် များစွာ စိတ်ထိခိုက် ဝမ်းနည်းရပါသည်။

မိမိတို့ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ၏ ၁၈ နှစ်ပြည့်နေ့တွင် ကျမတို့ အနေဖြင့် ယခင်တောင်းဆိုခဲ့သည့်အတိုင်း မြန်မာအစိုးရစစ်တပ်၏ ထိုးစစ်ဆင်မှုများ ချက်ချင်း ရပ်တန့်ပေးရန်နှင့် ပါသင့်ပါထိုက်သူအားလုံး ပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲ အမြန်ဆုံး စတင်ရန် ပြန်လည်တိုက်တွန်း တောင်းဆိုလိုက်သည်။ သို့မှသာလျှင် ပြည်တွင်းစစ်ရပ်စဲနိုင်သည့် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်မည်ဖြစ်ပြီး မြန်မာအစိုးရစစ်တပ် အား လူထုအစိုးရ ထိန်းချုပ်မှုလက်အောက်သို့ ထားရှိနိုင်မည်ဟု မိမိတို့မှ ယုံကြည်သည်။

ဆက်သွယ်ရန်

မွန်းနေလီ (ထိုင်းနိုင်ငံ) +၆၆ ၈၅၅ ၂၃၃၇၉၁

ဆန်ထွယ် (ထိုင်းနိုင်ငံ) +၆၆ ၉၃၉၆၂၁ ၉၀၈